ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ (2-6-2004) (၄၂၅၂)

ဗြဟ္မစရိယဥ္စ
တေံ မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မြို့ တော်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂

၂၀၀၄ခုနှစ် ဇွန် ၂ ရက်၌ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာလို၊ အာဇေလီယို၊ ချမ်ပီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇွန် ၁

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့နံနက် ၇နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်

စာမျက်နှာ ၂ ကော်လံ ၃ သို့ ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့များ၏ အစည်းအဝေးများ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၂–၆–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်စီးပွားရေး တိုးတက်ဖြစ်ထွန်းခိုင်မာအောင် လယ်ယာ၊ သစ်တော၊ သားငါး ကဏ္ဍအလိုက် စွမ်းဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ပြည်တွင်း၊ ပြည်ပအနှောင့်အယှက် အဟန့်အတားများကို ရင်ဆိုင်ကျော်လွှားရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများစွာကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ သဘာဝသယံဇာတများကို အမျိုးသားရေး အကျိုးစီးပွားအတွက် ဖော်ထုတ်အသုံးချရေးနှင့်စပ်လျဉ်း၍ **နိုင်ငံတော်ကြီး တိုးတက်ရာ တိုးတက်ကြောင်းအတွက် နိုင်ငံတော်အစိုးရနဲ့ ပြည်သူ ညီညွတ်စွာ ပူးပေါင်းပြီး နိုင်ငံတော်ရဲ့ ကြွယ်ဝတဲ့သဘာဝသယံဇာတ အရင်းအမြစ်တွေကို ဖော်ထုတ်အသုံးချသွားရမှာဖြစ်တယ်** ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့သည်။

အမျိုးသားစီးပွားရေး ရှင်သန်ဖွံ့ဖြိုးရေးတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာရေးသည် ပင်မလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်းလုံး၌ စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏အခြေခံစီးပွားရေး စွမ်းအားစုများတွင် ပါဝင်သည့် လယ်ယာ၊ သစ်တောနှင့် သားငါးကဏ္ဍသုံးရပ်သည် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတိုးတက်ဖြစ်ထွန်းရေးအတွက် အဓိကအားထားရသောကဏ္ဍများဖြစ်သည်။ အဆိုပါ ကဏ္ဍသုံးရပ်တွင် နိုင်ငံသူ၊ နိုင်ငံသားအများစု၏ လူမှုစီးပွားရေးတိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ထုတ်အသုံးချနိုင်မည့် သယံဇာတအရင်းအမြစ်များဖြင့် ပြည့်စုံလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိသည်။ ယင်းသို့သော အခြေခံကောင်းများကို ခေတ်မီတိုးတက်သည့် အသိပညာ၊ အတတ်ပညာစွမ်းအားဖြင့် ပေါင်းစပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းကြရန်သာ လိုအပ်သည်။

ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကအားထားရသော တိုင်းကြီးများဖြစ်ရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက နှစ်စဉ်စပါးအထွက်တိုးရေး၊ ဝါဂွမ်း၊ ကြံ၊ ပဲအမျိုးမျိုးနှင့် ပြောင်းစသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကအရေးပါသော ကဏ္ဍတစ်ခုဖြစ်သည့် သစ်တောကဏ္ဍကိုကြည့်ပါက တစ်နိုင်ငံလုံးတွင် သစ်တောဖုံးလွှမ်းသော ဧရိယာစတုရန်းမိုင် တစ်သိန်း သုံးသောင်းကျော်ရှိသည်။ ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအရ သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ခဲ့ပြီး အထူးကျွန်းစိုက်ခင်းများအပါအဝင် သစ်တောစိုက်ခင်းဧက တစ်သန်းတစ်သိန်းနီးပါး ရှိနေပြီဖြစ်သည်။

သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့က နှစ်စဉ်သစ်တောစိုက်ခင်း ဧကတစ်သိန်းခန့်ကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ဒေသခံပြည်သူများကလည်း သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ကြရန်လိုအပ်သည်။

သားငါးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သည် ငါး၊ ပုစွန် မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရေ၊ မြေ အခြေခံကောင်းများဖြင့်ပြည့်စုံလျက်ရှိသည်။ ဒေသကပေးသည့် အခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ ရေထွက်ပစ္စည်း ထုတ်လုပ်တင်ပို့ရောင်းချမှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး စွမ်းဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အစွမ်းကုန်ဖော်ထုတ်အသုံးပြုပြီး လယ်ယာ၊ သစ်တော၊ သားငါးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်စေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အကယ်ဒမီဆုရရုပ်ရှင်ဇာတ်ကားဖြင့်ဖျော်ဖြေ

ရန်ကုန် ဇွန် ၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှစတင်၍ ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကိုစန်းအောင်ရိုက်ကူးပြီး သရုပ်ဆောင်ဒွေး၊ လွင်မိုး၊ ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်သည့် ၂၀၀၀ပြည့်နှစ် အကယ်ဒမီဆုရ "မောင့်မူပိုင်ရှင်"ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲဆုရသူများကြေညာ

ရန်ကုန် ဇွန် ၁

ပတ်ဝန်းကျင် ထိန်းသိမ်းရေးအမျိုးသားကော်မရှင်က ဖိတ်ခေါ်ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲတွင် ပထမ မောင်ကျော်တင့်[၁၂/ဗဟန(နိုင်)ဝ၉၄၆၇၆]၊ဒုတိယ ဦးအောင်မိုး[၁၂/တမန(နိုင်) ဝ၄၇၈၈၁]၊ တတိယ မသဇင်စိုးမြင့်[၁၂/တမန(နိုင်) ဝ၉၉၆၃၂]နှင့် ဂုဏ်ပြုဆုရရှိသူများမှာ ရဲထွဋ်အောင် (လောကနတ်ပန်းချီ)[KTN–၁၉၁၉၁၂]၊ မောင်စည်သူအောင်[၁၂/သဃက(နိုင်)၁၆၁၈၈၈]၊ ကိုထွေး[KTN–ဝ၄၅၆၇၉]၊ မောင်ဇင်ကိုကို[၁၂/ကမတ(နိုင်)ဝ၆၆၁၉၂]၊ ဖိုးရွှေလမင်း[၁၂/ကတန(နိုင်)ဝဝ၇၄၃၃]၊ ဦးမောင်မောင်[၁၂/ကတန(နိုင်)ဝ၁၄၇၃၉]၊ မခိုင်သရဖီဒင်(ဗိုလ်တထောင်မြို့နယ်)၊ မောင်နေသူရိန်မင်း(ပန်းချီပန်းပု)၊ ဒီဇိုင်းဇော်ထက်(အာခီတက်–မန္တလေး)[KTA–ဝ၅၃၉၇၅]တို့ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ယနေ့ထုတ်ပြန်ကြေညာသည်။

ဆုများကို ဇွန်၅ရက်တွင် ကျင်းပမည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ချီးမြှင့်မည်ဖြစ်၍ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဇွန်၄ရက် နံနက်၁၁နာရီအရောက် သတင်းပို့ဆက်သွယ်ကြရန် အသိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

အောင်ဘာလေ ထီဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁

(၁၈၅)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ဏ–၇၉၀၂၂၈

ကျပ် ၅၀ သိန်းဆု

ဈ–၅၀၃၃၃၄
ပ–၇၃၈၀၁၃
ဗ–၄၉၆၅၈၈
တ–၆၅၃၀၃၀
ခ–၂၄၇၈၇၈
ဋ–၁၂၁၇၅၈
ဒ–၁၃၂၁၁၂
စ–၉၆၁၂၈၄
သ–၉၅၉၁၁၀

ကျပ် ၂၅ သိန်းဆု

ယ–၉၅၆၈၂၄
ထ–၅၇၉၁၃၇
ကက–၂၀၁၀၉၉
ဃ–၁၀၁၃၂၇
ဋ–၄၁၉၈၄၉
န–၂၅၇၆၈၇
န–၇၅၈၃၀၀
ဟ–၅၇၅၇၇၃
ဏ–၃၁၃၂၉၆

ကျပ် ၅၀ သိန်းဆုယူနစ် (မင်္ဂလာစုံတွဲ)ဆုများ

င–၄၁၅၆၃၇
ဝ–၅၆၂၀၇၄
ကခ–၅၉၂၉၇၃
ဍ–၇၅၀၅၂၈
ဈ–၅၈၈၀၇၆
န–၄၂၉၁၄၃
ဓ–၉၃၅၃၉၈
ဏ–၈၈၀၂၇၁
ဌ–၇၃၆၅၃၉
ဂ–၉၃၁၈၉၅
ခ–၆၈၇၅၄၈
ဓ–၆၂၇၇၀၇
ကခ–၇၅၅၅၃၁
ဆ–၆၁၂၈၇၈
ဎ–၄၃၀၁၆၀
ဏ–၅၆၅၇၀၈
ဓ–၁၁၃၉၈၁
ဓ–၆၇၈၁၃၉
ဃ–၁၃၉၉၉၄

အသက်တစ်ရာနှစ်ဆယ် ရှည်စေသောဝ်

ချစ်နိုင်(စိတ်ပညာ)

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ ...

"ဟတ်ချိုး၊ ဆိတ်ဖွား၊ အသက်တစ်ရာ အနာမရှိ"ရယ်လို့ နှာချေလို့ရှိရင် လူကြီးတွေက ဆိုလေ့ရှိကြတယ်မဟုတ်လား။ တကယ်တော့ အသက်တစ်ရာ နေရတဲ့လူဆိုတာ အရှားသားလားကွယ်။ ဇာတာထဲမှာတော့ "အသက်တစ်ရာ့ နှစ်ဆယ်ရှည်စေသောဝ်"လို့ ရေးထားတာကို တွေ့ဖူးမှာပေါ့။ ဟုတ်ရဲ့လား၊ အသက် ၁၂၀ တဲ့။ ဒါဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက မြန်မာများယူဆခဲ့ကြတဲ့ အသက်အပိုင်းအခြားပါ။ သို့သော် ခေတ်နောက်ကျတယ်၊ မှားတယ်လို့တော့မထင်နဲ့ မောင်ရေ့။ တရုတ်ပြည် ပေကျင်းမြို့တော် နှလုံးရောဂါကုပါရဂူ ဆရာဝန်ကြီး ပါမောက္ခ ဟုန်ကျောင်းကွမ်းရဲ့ ဟောပြောချက်ဘာသာပြန်ကိုဖတ်ရတဲ့အခါ "ယေဘုယျအားဖြင့် အများသတ်မှတ်ထားတာကတော့ လူ့သက်တမ်းဟာ အသက် ၁၂၀ ဖြစ်ပါတယ်" လို့ ဆိုသဗျ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ၆၅ နှစ် မတိုင်မီဟာ လူလတ်ပိုင်းတဲ့ တူမောင်။ ၇၅ နှစ်နဲ့ အသက် ၉၀ ကြားမှ တကယ့် သက်ကြီးရွယ်အိုလို့ သတ်မှတ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တရားဝင် သတ်မှတ်ချက်ကို သိရကြားရတာ အားတက်စရာပါပဲ။

တရုတ်ဆေးပညာရှင် ပါမောက္ခဒေါက်တာဟုန်ကျောင်းကွမ်းရဲ့ တရုတ်နိုင်ငံ ထိပ်တန်းခေါင်းဆောင်များနဲ့ ပါရဂူများကို ဟောပြောတဲ့ "နေထိုင်စားသောက်နည်းနဲ့ ကျန်းမာစွာ အိုမင်းစေခြင်းနှင့် နှလုံးသွေးကြောရောဂါများ"စာတမ်းကို ဆရာမောင်မောင်လှိုင်(အပ်စိုက်ကု) ဘာသာပြန်တာ ဖတ်ရတယ်။ "ကျန်းကျန်းမာမာ အသက်တစ်ရာ"တဲ့။

အဲဒီကျန်းမာရေး စောင့်ရှောက်မှုပညာဟောပြောချက်ဟာ အလွန်တစ်ရာ ကောင်းမွန်ထိရောက်လှတဲ့အတွက် တရုတ်နိုင်ငံ ပေကျင်း ညနေသတင်းစာမှာ ဖော်ပြခဲ့သတဲ့။ စာဖတ်ပရိသတ်ရဲ့ သောင်းသောင်းဖြဖြကြိုဆိုနှစ်သက်ကြတာ ခံယူရတာမို့ အခြားသတင်းစာများကပါ ထပ်မံဖော်ပြခဲ့ကြပြန်သတဲ့။

ဆရာမောင်မောင်လှိုင်(အပ်စိုက်ကု)က ဆေးပညာနယ်ပယ်မှာ တတ်ကျွမ်းတဲ့သူလည်းဖြစ်၊ စေတနာလည်းပါ၊ စာအရေးအသားလည်း ညက်ညောတော့ သူဘာသာပြန်တဲ့ စာအုပ်ဟာလည်း အထူးကောင်းလှပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ရဲ့ အမှုဆောင်ချုပ်ကပြောခဲ့ဖူးသတဲ့ "ကြိုတင်ကာကွယ်နည်းကိုသာ လိုက်နာကျင့်သုံးရင် သေဆုံးနှုန်းကို ထက်ဝက်လျှော့ချနိုင်မယ်"တဲ့။

တရုတ်ပါမောက္ခကြီး ကျုံးတောက်ဟန် ပြောခဲ့တဲ့ စကားတစ်ခွန်းဟာလည်း သတိထားစရာကောင်းတယ်။ သူက "လူအများအပြားဟာ ရောဂါကြောင့် သေရတာမဟုတ်ဘဲ မသိမှုကြောင့် သေရတာဖြစ်ပါတယ်"တဲ့။

ရောဂါတော်တော်များများကို မဖြစ်ပွားစေရအောင် လုပ်လို့ရတယ်။ မသေသင့်တာ မသေရအောင် ရှောင်ရှားနိုင်ပါတယ်။ ခုခေတ်မှာ ဦးနှောက်သွေးကြောရောဂါ၊ အဖုအကျိတ်ရောဂါ၊ ဆီးချိုရောဂါတွေ အဖြစ်များရတာဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်တာကြောင့်၊ ကုန်ထုတ်လုပ်မှု ကုံလုံကြွယ်ဝတာကြောင့်လို့ အချို့က အပြစ်ဖို့တတ်တယ်။ အဲဒါ လွဲမှားတဲ့ ထင်မြင်ချက်ပဲ။ လုံးဝမှားပါသတဲ့။

ဘာ့ကြောင့် ရောဂါရရသလဲဆိုရင် စိတ်ဓာတ်ယဉ်ကျေးမှုအဆင့်အတန်း မမီလို့ရယ်၊ ကျန်းမာရေး စောင့်ရှောက်မှုချို့တဲ့လို့ရယ်ကြောင့် ဖြစ်ရတာလို့ ပါမောက္ခဒေါက်တာဟုန်ကျောင်းကွမ်းကပြောပြပြီး ကျန်းမာရေးစောင့်ရှောက်နည်းများကို စုံစုံလင်လင် တင်ပြသွားခဲ့တယ်။ ကျန်းမာရေး စောင့်ရှောက်မှုပညာဆိုတာက သိရင်အလွန်လွယ်ကူတဲ့နည်းတွေပါ။ ငွေကြေးလည်းမကုန်ဘူး။ ထိလည်းထိရောက်တယ်။ လူတွေသိရှိပြီး လက်တွေ့ကျင့်သုံးကြမယ်ဆိုရင် ရောဂါကင်းဝေးတဲ့အပြင် သေခြင်းတရားကိုလည်း အချိန်တော်တော်နဲ့ မရောက်လာအောင် တားဆီးထားနိုင်မယ်။ ယနေ့ ဖြစ်ပွားနေတဲ့ ရောဂါဘယအမျိုးမျိုးတို့ရဲ့ ဇာစ်မြစ်ကို ရှာဖွေလေ့လာလိုက်တော့ "နေထိုင်စားသောက်မှုပုံစံ" မမှန်ကန်လို့ဆိုတဲ့ အချက်ကို တွေ့ရသတဲ့။ ရောဂါအဖြစ်မခံတာက ပိုမို မကောင်းပေဘူးလား။

အဆင့်မြင့်နည်းပညာတွေ ပေါ်ပေါက်နေပြီ။ အထူးပဲ ကောင်းမွန်ကြပါတယ်။ ခေတ်သစ်သိပ္ပံပညာက သိပ်တိုးတက်တာပဲ။ သို့သော် အဆင့်မြင့်နည်းပညာတွေက ကောင်းတော့ကောင်းပါရဲ့၊ စရိတ်ကြီးမားလွန်းလှတယ်။ လူအများအဖို့ရာ လက်လှမ်းမမီနိုင်ပါဘူး။ (ဘယ်နိုင်ငံမှာမဆို) လူနည်းစုအတွက်လောက်ပဲ ဆောင်ရွက်ပေးနိုင်တာပါ။ ဒါကြောင့် အဆင့်မြင့်နည်းပညာကို အားကိုးတာထက် ကြိုတင်ကာကွယ်မှုကိုသာ ကျယ်ပြန့်စွာ လေ့ကျင့်ပညာပေးသင့်ကြောင်း ဖော်ပြထားပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုပညာက မခက်ပါဘူး။ ဥပမာပြောရရင် အောက်ပါအချက်မျိုးတွေပါ။ အလွန် လွယ်ကူတာပေါ့။

(၁) နိုးနိုးချင်း ခုတင်ပေါ်က မထပါနဲ့။ မိနစ်ဝက်ဆက်လှဲနေပါ။
(၂) မိနစ်ဝက်ပြည့်ရင် ထထိုင်ပါ။
(၃) ခြေထောက်တွဲလောင်းချပြီး မိနစ်ဝက်ထိုင်နေပါ။

မိနစ်ဝက်လှဲနေပါ။ မိနစ်ဝက်ထိုင်နေပါ။ မိနစ်ဝက် ခြေထောက်တွဲလောင်းချပြီးနေပါ။ ဒီသုံးမျိုးပြီးမှ လိုရာကိုထသွားပါဆိုတာ လိုက်နာဖို့ ဘယ်လောက်လွယ်ကူလိုက်ပါသလဲ တူမောင်။

လိုက်နာကျင့်သုံးလို့ တစ်ပြားတစ်ချပ်မှ မကုန်ဘူးနော်။ သို့သော် မလိုက်နာမိဘဲ ဖြုန်းခနဲထ၊ ဆတ်ခနဲ ထရပ်ကြတဲ့ လူအချို့ဟာ ရုတ်တရက် နှလုံးမှာ သွေးအားလျော့နည်းသွားတာကြောင့် သေသူ သေ၊ လေဖြတ်သူ ဖြတ်၊ နာတာရှည် ဒုက္ခိတဖြစ်သူဖြစ်။ ခြေမသန်၊ လက်မသန်၊ ပါးရွဲ့၊ စကားမပီသ၊ ကြောက်စရာကောင်းလှတဲ့ ဆင်းရဲဒုက္ခ၊ ရောဂါဘယနဲ့ တည့်တည့်တိုးခဲ့ကြပြီးပြီ။ ကြည့်စမ်း သိခြင်းနဲ့ မသိခြင်း၊ သတိရှိခြင်းနဲ့ သတိမဲ့ခြင်း၊ ဘယ်လောက် ကွဲပြားပါသလဲ။

ညပိုင်းမှာ လူအတော်များများဟာ ရုတ်တရက် နှလုံးမှာ သွေးအားလျော့နည်းသွားတတ်တယ်။ နေ့ခင်း နေ့လယ်မှာ နှလုံးခုန်နှုန်း ပုံမှန်ပါပဲဆိုတဲ့လူတွေလည်း အိပ်ချိန်မှာ နှလုံးကနှေးနေတတ်တယ်။ နှလုံးဆိုတာ သေးသေးမျှင်မျှင် သွေးကြောလေးတွေနဲ့ အင်မတန်နုတာ။ ဖြုန်းခနဲ၊ ဆတ်ခနဲထိုင်၊ ထလျှောက်လှုပ်ရှားလိုက်တော့ သွေးကြောအမြွှာတွေ ပေါက်ပြဲပျက်စီးသွားရတော့တာပေါ့။ သေရင်သေ၊ မသေရင် တစ်သက်လုံး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဒုက္ခိတကြီးဖြစ်ပြီမှတ်ပေရော့။ မသိခဲ့ခြင်းရဲ့အန္တရာယ်။

မိနစ်ဝက် သုံးမျိုးပြီးတော့ နာရီဝက်သုံးမျိုးဆိုတာ ရှိသေးတယ်။ အလွန် အကျိုးရှိပါတယ်။

(၁) မနက်အိပ်ရာထပြီးတဲ့နောက် နာရီဝက် ကိုယ်လက်လှုပ်ရှား အားကစား လုပ်ပါ။ နှစ်မိုင်နီးပါး လမ်းလျှောက်ပါ။
(၂) အသက်ကြီးသူများဟာ နေ့ခင်း နေ့လယ်ပိုင်းမှာ နာရီဝက်အိပ်ပါ။ ညနေပိုင်းပါ လန်းဆန်းစေတယ်။
(၃) ညနေဘက် ၆ နာရီ၊ ၇ နာရီလောက်မှ နာရီဝက် ဖြည်းဖြည်း လမ်းလျှောက်ပေးပါ။ ညညအိပ်လို့ကောင်းမယ်။ နှလုံးသွေးကြောပိတ်ရောဂါနဲ့ သွေးတိုးရောဂါ ဖြစ်ပွားနှုန်းကို လျော့နည်းစေတယ်။

အသက်ကို ဉာဏ်စောင့်ဆိုတဲ့ စကားလိုပါပဲ။ အသက်ရှည်ချင် ကျန်းမာချင်ရင် အသိဉာဏ်နဲ့ယှဉ်ပြီး နေထိုင်စားသောက်တတ်ရမယ်။ ကျန်းမာစေတဲ့ နေထိုင်စားသောက်မှုပုံစံက ဘာလဲ၊ မခက်ခဲပါဘူး။ ဒါတွေပါပဲ။

(၁) နည်းလမ်းကျကျစားသောက်ပါ။ ဆာမှစား၊ တည့်တာစား၊ လျှော့စား။ ညက်ညက်ဝါး၊ ဖြည်းဖြည်းစား။
(၂) ဆေးလိပ်မသောက်ရ။ အရက်မသောက်ရ။ ကွမ်းမစားရ။ အဆိပ်တွေချည်းပဲ။
(၃) တော်သင့်တဲ့ အားကစားလုပ်ပါ။
(၄) စိတ်နေသဘောထားမျှတပါ။

ဒီလေးချက် လိုက်နာကျင့်သုံးတာ မခက်ခဲလှပေမယ့် သွေးတိုးရောဂါ ဖြစ်ပွားနှုန်း ၅၅ရာခိုင်နှုန်း လျော့နည်းစေတယ်။ ရောဂါမျိုးစုံ ဖြစ်ပွားနှုန်း ၇၅ ရာခိုင်နှုန်း ၊ ဆီးချိုရောဂါ ဖြစ်ပွားနှုန်း ၅၀ရာခိုင်နှုန်း၊ အဖုအကျိတ် ကင်ဆာရောဂါ ဖြစ်ပွားနှုန်း ၃၅ရာခိုင်နှုန်းတို့ကို လျော့နည်းစေတဲ့အပြင် ပျမ်းမျှသက်တမ်း ၁၀ နှစ်ကျော် ပိုပြီး ရှည်စေမယ်။ ဒီလေးခုကို ကျန်းမာရေးရဲ့ အခြေခံအုတ်မြစ်လို့ ခေါ်နိုင်ပါတယ်။ နှလုံးသွေးကြောဆိုင်ရာ ရောဂါ ကြိုတင်ကာကွယ်ရေးဘက်မှာ တစ်ကျပ်သုံးခဲ့ရင် ကုသမှု ကုန်ကျစရိတ်အတွက် ကျပ် ၁၀၀ကို သက်သာစေသတဲ့။

ခံတွင်းကျန်းမာရေးကို ဂရုစိုက်ရင် သွေးကြောလွှတ် မာကျစ်ရောဂါ၊ နှလုံးနဲ့ ဦးနှောက်ရောဂါတွေကို ကာကွယ်ထားရာ ရောက်စေပါတယ်လို့ဆိုရဲ့။ အစားစားပြီးတိုင်း ပလုတ်ကျင်းတာ၊ သွားတိုက်တာဟာ ဘာများခက်ခဲလို့လဲ။

ရောဂါရကြရတာဟာ အကြောင်းရင်း နှစ်ခုရှိတယ်။ (၁)အတွင်းအကြောင်းရင်းနဲ့ (၂)ပြင်ပအကြောင်းရင်းတဲ့။ အတွင်းအကြောင်းရင်းဆိုတာက ကိုယ်ခန္ဓာတည်ဆောက်မှု၊ သွေးအမျိုးအစား၊ RNA/DNA,RH Factor စတဲ့မျိုးရိုးဗီဇ (Gene)ဆိုင်ရာတွေပေါ့ကွယ်။ ပြင်ပအကြောင်းရင်းကတော့ ဥတုနဲ့အာဟာရဆိုကြပါစို့။ ပတ်ဝန်းကျင်အခြေအနေတွေပါ။ ရောဂါဖြစ်ခြင်းဆိုတာ အတွင်းအကြောင်းရင်းနဲ့ ပြင်ပအကြောင်းရင်းတို့ အပြန်အလှန် အကျိုးပြုခြင်းရဲ့ ရလဒ်ပါပဲ။

ကံဆိုတဲ့အချက်က အရေးအကြီးဆုံးပဲ။ အထက်က ဖော်ပြခဲ့တဲ့ သိပ္ပံနည်းကျ နေထိုင်စားသောက်နည်း ပုံစံဟာ အလွယ်တကူနဲ့ ရောဂါဘယ ဖြစ်ပွားမှုကို လျှော့ချပေးနိုင်ရဲ့။ ကျန်းမာခြင်းရဲ့ ရွှေသော့ဟာ အဲဒါပဲ။ မိမိလက်တွင်းမှာပဲ ရှိတယ်။ အသိနဲ့ သတိနဲ့ လိုက်နာရုံပဲ။ ကံအပြုအမူ။

စိတ်ဆိုတာ ရောဂါရခြင်း၊ ရောဂါပျောက်ခြင်းတို့မှာ အဓိကအရာရောက်ဆုံး အချက်ပါပဲ။ ကောင်းမွန်တဲ့ စိတ်နေသဘောထားသာရှိရင် လူ့ခန္ဓာကိုယ်မှာ ရောဂါဘယကို ခုခံကာကွယ်နိုင်တဲ့ စွမ်းပကား ကြီးမားစွာရှိပါတယ်။ အထူးအံ့သြရလောက်အောင် ကြီးမားတဲ့ ခုခံနိုင်အားပါ။ အဲ- စိတ်ဓာတ် ပျက်ပြားပြီဆိုရင်တော့ အားလုံးပြိုကျသွားပြီ။

မိမိကိုယ်ကို မှန်မှန်ကန်ကန်သဘောထားပါ။

သူတစ်ပါးကို မှန်မှန်ကန်ကန်သဘောထားပါ။

လောကကြီးကို မှန်မှန်ကန်ကန်သဘောထားပါ။

မိမိကိုယ်မှာ ရှိနေတာထက်ကျော်လွန်ပလွှားခြင်းမရှိသင့်ဘူး။ သိမ်ငယ်ခြင်းလည်းမရှိသင့်ဘူး။ လောကကြီးကိုကျေးဇူးတင်ရှိတဲ့သဘောထားအမြဲတမ်းထားရှိသင့်တယ်။ အကောင်းမြင်-အဖြစ်ဘက်ကကြည့်ရင် လောကကြီးက သိပ်ကို လှပကောင်းမွန်နေပါတယ်။ အဆိုးမမြင်မိစေနဲ့။ ဘဝဟာ မှန်တစ်ချပ်လိုပဲ။ မိမိက ပြုံးရယ်ရင် သူကလည်းပြုံးရယ်ပြတယ်။ ကိုယ်က ငိုကြွေးရင် သူလည်း ငိုကြွေးမယ်။

လူ့ဘဝဆိုတာ အပူအအေး၊ အလင်းအမှောင်၊ အတက်အကျတွေရှိနေကြတာ မျက်မြင်လက်တွေ့မဟုတ်လား။ ဒီတော့ တည်ငြိမ်နိုင်ရမယ်။ စိတ်တည်ငြိမ်အောင် နှလုံးသွင်းတတ်ပါစေ။ လမင်းကြီးတောင် သာတဲ့အခါသာပြီး မသာနိုင်တဲ့အခါ အသာလေးနေရတာပဲ။ ဝိုင်းတဲ့အခါဝိုင်းပြီး တစ်ခြမ်းရှိတဲ့အခါရှိ၊ တစ်စိတ်ဖြစ်တဲ့အခါဖြစ်။ လူ့ဘဝမှာ ဝမ်းနည်းစရာ ဝမ်းသာစရာတွေ ကြုံလာရတဲ့အခါ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ပါလေ။

ဆင်းရဲဒုက္ခဆိုတာ လူ့ဘဝရဲ့ အကောင်းဆုံးဆရာပဲလို့ ပြင်သစ်စာရေးဆရာ ဘော်လ်ဇက်က ရေးခဲ့ဖူးသတဲ့။ ကံဆိုးမိုးမှောင်ကျတဲ့အခါတွေ မှာလည်း ပျော်ရွှင်နေနိုင်ရမယ်။ အကောင်းဆုံး စိတ်နေစိတ်ထားဟာ စိတ်တည်ငြိမ်မှုပဲ။ လေ့ကျင့်ပြီး ထိန်းသိမ်းတတ်ပါစေ။

"စိတ်ချမ်းသာမင်္ဂလာ(၈)ပါးဆေး"ဆိုပြီး ပါမောက္ခဒေါက်တာဟုန်ကျောင်းကွမ်းက ပြောပြပေးထားတယ်။

(၁) မေတ္တာကရုဏာစိတ် တစ်ကျပ်သား
(၂) စိတ်ကောင်းစေတနာ နှစ်ကျပ်သား
(၃) မှန်ကန်တဲ့စိတ်ထား သုံးကျပ်သား
(၄) သည်းခံသက်ညှာစိတ် လေးကျပ်သား
(၅) မိဘကိုရိုသေစိတ် များလေကောင်းလေ။
(၆) ရိုးသားဖြောင့်မတ်စိတ် အသင့်အတင့်။
(၇) လူ့အဖွဲ့အစည်းကို အကျိုးပြုလိုစိတ်၊ အကျိုးပြုနိုင်လေ ကောင်းလေ။
(၈) ကျေးဇူးတုံ့ပြန်ခြင်းကို မမျှော်လင့်တဲ့စိတ်။

လက်တွေ့ ဖော်စပ်ကြည့်သင့်တယ်။ လွယ်ပါတယ်။

အထက်ပါ ဆေးရှစ်မယ်(မည်)ကို ဖော်ရွှေမှုအရည်နဲ့ တစ်နေ့နှစ်ကြိမ်သောက်ပါက စိတ်ဝိညာဉ်ကို သန့်ရှင်းစေတယ်။ ဘဝမှာ အရသာရှိရှိနေရမယ်။ အသက်ရှည်ရှည်နေရမယ်။ ရောဂါရှင်း ဘေးကင်းစေမယ်တဲ့။ တင်စားပြီး ပြောထားပါ။ ဒါပေမယ့် တကယ့်အမှန်တရားနဲ့ အထူးပဲအကျိုးရှိတဲ့ အချက်တွေဆိုတာ ဘယ်သူမှ အငြင်းပွားစရာမရှိပါ။

ပါမောက္ခဟုန်ကျောင်းကွမ်းနဲ့ ဆရာမောင်မောင်လှိုင်(အပ်စိုက်ကု)တို့ကို ယခုလိုတန်ဖိုးရှိတဲ့ ပြည်သူ့ကျန်းမာရေး ဗဟုသုတပညာကို ဖတ်ချင်စဖွယ်၊ နာချင်စဖွယ် ဟောပြောရေးသား၊ ဘာသာပြန်ပေးတဲ့အတွက် ကျေးဇူးတင်မိတယ်။

ဆေးလိပ်ရဲ့ ဆိုးကျိုး၊ အရက်ရဲ့ ဆိုးကျိုးတို့ကိုလည်း ထိုစာအုပ်မှာ ဆေးပညာရှင် နှလုံးအထူးကုပါရဂူ သမားတော်ဆရာဝန်ကြီးရဲ့ ရှုထောင့်က ရှင်းပြထားတာ တွေ့ရ ဖတ်ရပါတယ်။ စီးကရက်၊ အရက်၊ ဘီယာတို့ရဲ့ ကျန်းမာရေးထိခိုက်စေပုံကို လူငယ်အများ သိရှိနားလည်ရမည့်အချိန်ဖြစ်ပါတယ်။ ငွေပေါပေါသုံးပြီး ဆွဲဆောင်စည်းရုံး ကြော်ငြာပုံအမျိုးမျိုးကြောင့် လူထုအများ အတွေးအယူမှားပြီး ရောဂါရ၊ စီးပွားပျက်၊ လူမှုရေးနိမ့်ကျ။ ဒီလိုဖြစ်ကြရတာကို ကြိုတင်ပညာပေး ကာကွယ်ရေးများနဲ့ ယှဉ်ပြိုင်ချေမှုန်း ရင်ဆိုင်ရမယ့်ကာလ ဖြစ်ပါတယ်။ တူမောင်တို့ ကျန်းမာရေး ဗဟုသုတ ပြည့်ဝပါစေ။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -The Importance of Money** (စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာ)
- **၅:၃၀** ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ" (အပိုင်း-၈)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ သိုင်းညီနောင်ငါးဖော်" (အပိုင်း-၅) (ဇာတ်သိမ်းပိုင်း)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အီရတ်အဝေးပြေးလမ်းမကြီးပေါ်တွင် မကြာခဏဗုံးကွဲနေ၍ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ ခေါင်းခဲနေ

ဖော်လူဂျာ မေ ၃၁

ရေးပဝေသဏီကပင် အီရတ်သည် အင်ဒါလူစီယား၊ မော်ရိုကိုနှင့် ဒမတ်စကတ်စသည့်မြို့ကြီးများနှင့် ကုန်သွယ်ခဲ့ကြသည်။ထိုကုန်သွယ်ရေးလမ်းကြောင်း ဟောင်းကြီးသည် ယခုအခါ ဗုံးကွဲရာများ၊ မီးလောင်ပျက်စီးနေသောကားများဖြင့် ပြည့်နှက်လျက်ရှိသည်။

ရှာဖွေစစ်ဆေး

ထိုလမ်းကြောင်းသည် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ၏ အဓိကထောက်ပံ့ရေးလမ်းကြောင်းကြီး ဖြစ်သည့်အားလျော်စွာ လုံခြုံရေးကိုတာဝန်ယူထားရသော အမေရိကန် မရိန်းတပ်ဖွဲ့များအတွက်လည်း ထိုလမ်းသည်ခေါင်းခဲစရာပြဿနာကြီးဖြစ်လျက်ရှိသည်။ ထိုလမ်းတစ်လျှောက်တွင် အိုင်အီးဒီပေါ် လက်လုပ်ဗုံးများ ပြည့်နှက်လျက်ရှိသည်။ ထိုအတွက်ကြောင့် စစ်ယာဉ်တန်းများသည် ထိုလမ်းပေါ်တွင်ကားများကို မကြာခဏ ရပ်တန့်ရှာဖွေစစ်ဆေးနေကြရသည်။

အထိနာ

ပေါက်ကွဲစေတတ်သောပစ္စည်းများကို အချိုရည်ဘူးခွံများအတွင်း၊ ပလတ်စတစ်အိတ်များအတွင်း သို့မဟုတ် တိရစ္ဆာန်အသေကောင်များအတွင်း ကွယ်ဝှက်ထောင်ထားလေ့ရှိကြသည်။ စနက်တံတစ်ခုတည်းဖြင့်ရိုးရှင်းစွာတည်ဆောက်ထားသော အဆိုပါဗုံးသည် အမေရိကန်များကို အထိနာစေသော လက်နက်တစ်ခုဖြစ်လျက်ရှိသည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် များသောအားဖြင့်လမ်းများပေါ်တွင် ဗုံးရှာခြင်း၊ ကားများပေါ်၌ ဗုံးများပါလာခြင်း ရှိ၊ မရှိစစ်ဆေးခြင်းဖြင့် အချိန်ကုန်နေကြရသည်ဟုဆိုသည်။

မိမိတို့သည် တစ်နေကုန် ဗုံးရှာဖွေရေးအလုပ်ကိုသာ လုပ်နေရပါသည်။ အဓိကလာခဲ့ရသော အကြောင်းမှာ အာရပ်ပြောက်ကျားများကို တိုက်ရန်ဖြစ်သော်လည်း ယခုအခါ ဗုံးရှာဖွေရေးအလုပ်ကိုသာ လုပ်နေရပါသည်ဟု အသက် (၂၁)နှစ်ရှိ အမေရိကန်ဒုတိယတပ်ကြပ် ဂျိုးဖန့်ဟောင်ဇာက ပြောကြားသည်။

မကြာသေးမီက အဆိုပါအဝေးပြေးလမ်းမကြီးပေါ်တွင်သွားနေသော ယာဉ်တန်းတစ်ခုသည် လုံခြုံရေးကြောင့် တစ်နာရီအတွင်း ခြောက်ကြိမ်မျှရပ်နားခဲ့ကြောင်းသိရသည်။ပြီးခဲ့သောသီတင်းပတ်က အမေရိကန် ယာဉ်တန်းအလာတွင် ကားတစ်စီးအတွင်းမှ ဗုံးဖောက်လိုက်သဖြင့် အမေရိကန် စစ်သည်နှစ်ဦးသေဆုံးခဲ့ရသေးသည်ဟုဆိုသည်။

မျှော်လင့်ထား

လူထုနှင့်ရောနှောနေသော ဗုံးထောင်သူ ရန်သူကို အမေရိကန်တပ်ဖွဲ့များက ရှာဖွေရာ၌ အလွန်အခက်တွေ့နေကြသည်။ မကြာမီကာလအတွင်း အီရတ်ကုန်သွယ်ရေးအဝေးပြေးလမ်းကြောင်းကြီးပေါ်တွင် လုံခြုံရေး စောင့်ရှောက်သည့်တာဝန်ကို အီရတ်လုံခြုံရေးတပ်ဖွဲ့များလက်သို့ လွှဲပြောင်းပေးနိုင်လိမ့်မည်ဟု အမေရိကန်တပ်မှူးများက မျှော်လင့်ထားကြသည်။

အရေအတွက်အားဖြင့် ၆၀၀ မျှရှိသော အမေရိကန်တပ်ဖွဲ့ဝင်များသည် လမ်းမပေါ်တွင် ထောင်ထားသော ဗုံးများ ထိမှန်ခံခဲ့ရ၍ သေဆုံးကြရခြင်းဖြစ်သည်ဟုဆိုသည်။

ဝင်ရောက်လာ

ဖော်လူဂျာမြို့အနီးရှိ လမ်းမကြီးပေါ်တွင် ဗုံးကွဲထားသည့် ကျင်းများ၊ ဗုံးမှန်ထား၍ တွန့်လိမ်နေသည့် သတ္တုစများ ရှိနေသော်လည်း ဆီးရီးယား၊ ဂျော်ဒန်နှင့် တူရကီနိုင်ငံများမှ ကုန်စည်များဖြင့် ပြည့်နေသောကားများမှာ မပြတ်တန်း အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၃၁ရက်က အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် ယာဉ်တန်းတိုက်ခိုက်ခံရ အီရတ် နှစ်ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် မေ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အနောက်တိုင်းသားများလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို အမည်မသိ တိုက်ခိုက်ရေးသမားများက ပစ်ခတ်သဖြင့် အနည်းဆုံးအီရတ်နှစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရသွားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စခန်းချသည့်လေဆိပ်သို့ သွားရာလမ်းတွင် တနင်္ဂနွေနေ့က ထိုသို့ တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါလမ်းမှာ ဘဂ္ဂဒက်မြို့အနောက်မြောက်တွင် တည်ရှိပြီး လူစည်ကားသည့်လမ်းဖြစ်သည်ဆို၏။

သေဆုံးသူ တစ်ဦးမှာ မော်တော်ယာဉ်တစ်စီးဖြင့် ခရီးသွားသူ အီရတ်တစ်ဦးဖြစ်ကြောင်း ရဲအရာရှိ ဆာဒွန်အဇစ်က အေအက်ဖ်ပီသို့ ပြောကြားသည်။ မော်တော်ယာဉ်တန်းဖြင့် လိုက်ပါလာသောသေဆုံးသူ၏ မျက်နှာမှာ သွေးများဖုံးနေသည်။၎င်းသည်ကျည်ကာအင်္ကျီကို ဝတ်ဆင်ထားပြီး ပစ္စတိုသေနတ် တစ်လက်မှာ မော်တော်ယာဉ်ကြမ်းပြင်ပေါ်တွင်ကျနေသည်ကိုတွေ့ရသည်ဆို၏။ တိုက်ခိုက်မှုတွင် ထိခိုက်သေဆုံးခြင်းမရှိဘဲ ကျန်ခဲ့သူငါးဦး၊ သို့မဟုတ် ခြောက်ဦးရှိသည်။တိုက်ခိုက်မှုများသည် လက်နက်များ ကိုင်ဆောင်ထားပြီး၊ကားတစ်စီးပေါ်မှ ယာဉ်မောင်းကိုသေနတ်ဖြင့်ချိန်ကာကားကိုအမောင်းခိုင်းပြီး ထွက်ခွာသွားကြသည်ဟု သိရသည်။ ***အင်တာနက်။***

မေ ၃၀ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ဆင်ခြေဖုံးဒေသရှိ အဝေးပြေးလမ်းမပေါ်တွင် ချုံခိုတိုက်ခိုက်မှုကြောင့် အနောက်တိုင်းသားများ လိုက်ပါလာသော မော်တော်ကား တစ်စီး မီးလောင်ကျွမ်းနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဖျက်အားပြင်းလက်နက်ရှိသည်ဟု ရေးသားချက်များယွင်းကြောင်း နယူးယောက်တိုင်းမ်သတင်းစာ ဝန်ခံ

နယူးယောက် မေ ၃၁

အီရတ်တို့လက်ဝယ်တွင် ဖျက်အားကြီးမားသော လက်နက်များ ပိုင်ဆိုင်ထားသည်ဟု လူတစ်စုက ကမ္ဘာ့နိုင်ငံများကို ယုံကြည်စေလိုသောဆန္ဒရှိကြောင်း၊နယူးယောက်တိုင်းမ်သတင်းစာသည် အဆိုပါ လူတစ်စု၏အသုံးချခြင်းကို ခံခဲ့ရကြောင်း၊ ယင်းကဲ့သို့ ဖြစ်ခဲ့ရခြင်းမှာ ထိုသတင်းစာ၏ ဖွဲ့စည်းမှုဆိုင်ရာအပိုင်းတွင်အားနည်းချက်ပေါ်ပေါက်ခဲ့သည့်အတွက်ကြောင့်သာဖြစ်ရကြောင်း ပြည်သူ့တိုင်တန်းချက် စိစစ်ရေးအရာရှိ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သုံးသပ်

အီရတ် ကျူးကျော်စစ် မဆင်နွှဲမီအချိန်က လက်နက်နှင့် ပတ်သက်သောကိစ္စများတွင် မှားယွင်းစွာ ဖော်ပြမိကြောင်း ပြည်သူ့စာတည်းတာဝန်ကိုယူထားသော ဒင်နီယာ အုပ်ကရန်က သုံးသပ်သည်။

အသားပေးဖော်ပြ

ထိုစဉ်က တိုင်းမ်သတင်းစာသည် မျက်နှာဖုံးစာမျက်နှာများတွင် အီရတ်၏ ဖျက်အားပြင်းလက်နက်များနှင့် ပတ်သက်၍ ဖတ်ရှုသူများ စိတ်ဝင်စားစေမည့် ထူးခြားသည့် ခေါင်းကြီးသတင်းများကို အသားပေးဖော်ပြခဲ့သည်။ ရလာသော သတင်းများကို အလွယ်တကူယုံကြည်ပြီး ဖော်ပြခဲ့ခြင်းဖြစ်သည်ဟု အုပ်ကရန်က ဖော်ပြထားသည်။

ကျူးလွန်ခဲ့

အီရတ်ပြည်ပြေးများသည် အီရတ်ခေါင်းဆောင်ဟောင်း၏ လက်ဝယ်တွင် အဖျက်စွမ်းအား ကြီးမားသောလက်နက်များ ရှိနေကြောင်းပြသလိုကြပြီး ဆက်ဒမ်ကို ဖြုတ်ချရန်လည်း ဆန္ဒပြင်းပြနေကြသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များထံမှရသော သတင်းများကို ရေရေရာရာ ဆန်းစစ်ခြင်းမရှိဘဲ တိုင်းမ်သတင်းစာမှ စာတည်းများက ထည့်သွင်းဖော်ပြမိသည့်အမှားကို ကျူးလွန်ခဲ့ကြကြောင်း မေလ ၂၆ ရက်နေ့တွင် ဝန်ခံခဲ့ကြသည်။

စာတည်းများသည် သတင်းထောက်များထံမှရသော သတင်းကို စိစိစစ်စစ်လုပ်သင့်သော်လည်း မလုပ်မိခဲ့ကြပေ။ ထို့အပြင် အီရတ် ပြည်ပြေးချာလာဘီထံမှရသော သတင်းမှားများပေါ်တွင်လည်း အားထားသုံးစွဲခဲ့ကြကြောင်း မှားယွင်းသည့်အဖြစ်ကို ဝန်ခံခဲ့ကြသည်။ ချာလာဘီမှာ တစ်ချိန်က အမေရိကန်တို့၏ ထိပ်တန်းမိတ်ဆွေအဖြစ် မှတ်ယူခြင်းခံခဲ့ရသူ ပြည်ပြေးတစ်ဦးဖြစ်သည်။

အမေရိကန်တို့အီရတ်ကို ကျူးကျော်သိမ်းပိုက်နိုင်ချိန်တွင် အီရတ်အစိုးရလက်ဝယ်၌ဓာတု၊ ဇီဝနှင့်နျူကလီးယားလက်နက်များ မရှိသည်ကို တွေ့ကြရသည်။

အငြင်းပွား

အီရတ်တွင် အမေရိကန်တပ်ဖွဲ့များနှင့်အတူရှိနေသောတိုင်းမ်သတင်းစာ၏ သတင်းထောက်သည် ပထမပိုင်းတွင် လက်နက်ဆိုင်ရာသတင်းများကို အခိုင်အမာ ဖော်ပြခဲ့သည်။ သို့ရာတွင် နောက်ပိုင်းတွင် ထိုသတင်းများမှာ အငြင်းပွားဖွယ်ရာကိစ္စများအဖြစ် တွေ့လာရသည်။

အာသာဆန္ဒ လွန်ကဲ

ဤနေရာတွင် သတင်းဦး သတင်းထူးဖော်ပြလိုသောအာသာဆန္ဒလွန်ကဲမှုကလည်း ပါဝင်နေကြောင်း၊ တစ်ဖက်၌လည်း ယခုဖြစ်ခဲ့သော အမှားများအတွက် တစ်ဦးတစ်ယောက်တည်းအပေါ် အပြစ်ပုံချ၍မသင့်တော်ကြောင်း အုပ်ကရန်က သုံးသပ်ထားသည်။ ၎င်းကဆက်လက်ဖော်ပြရာ၌အားနည်းချက်မှာ သတင်းစာ၏ ဖွဲ့စည်းမှုဆိုင်ရာအပိုင်းတွင်သာ ရှိနေခြင်းဖြစ်သည်ဟု ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ နေရာအနှံ့ တိုက်ခိုက်မှုများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် မေ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက်အယ်အင်ဘာမြို့တွင် စနေနေ့က တိုက်ခိုက်မှုများကြောင့် အမေရိကန် မရိမ်းတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး စောစောပိုင်းသုံးလေးရက်ခန့်ကလည်း စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက်တွင် မေ ၂၅ ရက်က စိန်ပြောင်းဖြင့်တိုက်ခိုက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင်ဖော်ပြထားသည်။

အမေရိကန်မရိမ်းတပ်ဖွဲ့ဝင်များသေဆုံးသည့် အယ်အင်ဘာပြည်နယ်တွင် မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့တို့လည်းတည်ရှိသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း မိုဆူးလ်မြို့တွင် အခြေစိုက်သည့် အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးမှုကို စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်၍ ဝင်ရောက်ကျူးကျော်ခဲ့ချိန်နောက်ပိုင်း တိုက်ခိုက်မှုများကြောင့် သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၈၈ ဦးရှိသွားပြီဖြစ်သည်။

အင်တာနက်။



အီရတ်မှ ကျူးကျော်ရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးမည်ဆိုလျှင် အနာဂတ်ကာလတွင် အာရပ်တပ်ဖွဲ့များကို အီရတ်သို့ စေလွှတ်ဖွယ်ရှိ

ရောမ မေ ၃၀

အာရပ်နိုင်ငံများမှ တပ်ဖွဲ့များကို အနာဂတ်ကာလတွင် အီရတ်နိုင်ငံ၌ ချထားနိုင်စရာရှိကြောင်း အာရပ်အဖွဲ့ချုပ်မှ အကြီးအကဲ အာမာမူဆာက ပြောကြားသည်။ ထိုသို့ချထားရေးကိစ္စမှာ အီရတ်မှ ပြည်ပကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့များ ထွက်ခွာသွားပြီးနောက်မှာသာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း မူဆာက ပြီးခဲ့သော စနေနေ့တွင် အီတလီသတင်းစာသို့ ပြောကြားသည်။

ယခုလက်ရှိအခြေအနေတွင် အာရပ်တပ်ဖွဲ့များစေလွှတ်ရေးကိစ္စမှာ မဖြစ်နိုင်ကြောင်း၊ လာမည့် အနာဂတ်ကာလတွင် အခြေအနေများ ပြောင်းလဲသွားပြီး တရားဝင် အီရတ်အစိုးရအဖွဲ့ကလည်း အာရပ်တပ်ဖွဲ့များ လာရောက်ရန် မေတ္တာရပ်ခံလာလျှင် အာရပ်အဖွဲ့ချုပ်က တပ်များစေလွှတ်ရေး ကိစ္စကို စဉ်းစားသွားမည်ဖြစ်ကြောင်း မူဆာက လာစတင်ပါသတင်းစာသို့ ပြောကြားခဲ့သည်။ ထိုသတင်းစာက အာရပ်နိုင်ငံများအနေဖြင့် အီရတ်သို့တပ်ဖွဲ့များ စေလွှတ်ရန် ရှိ၊ မရှိဟူသော အမေးကို မေးမြန်းရာ မူဆာက အထက်ပါအတိုင်း ဖြေကြားသွားခြင်းဖြစ်သည်။

စေလွှတ်နိုင်

လာမည့်အနာဂတ်ကာလတွင် ကုလသမဂ္ဂအဖွဲ့က ခွင့်ပြုပေးမည်ဆိုလျှင် အာရပ်တပ်ဖွဲ့များကို အီရတ်ရှိ အမေရိကန်တပ်များနေရာတွင် အစားထိုးချထားရန် စေလွှတ်နိုင်စရာရှိပါသည်ဟု မူဆာက ဆိုသည်။

ကုလသမဂ္ဂက အီရတ်အရေးနှင့် ပတ်သက်၍ ရေးဆွဲထားသော ဆုံးဖြတ်ချက် မူကြမ်းတွင် လာမည့် ဇွန်လ ၃၀ ရက်၌ အီရတ်ကြားဖြတ်အစိုးရလက်ဝယ်သို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးမည့်ကိစ္စ ပါဝင်သည်။ သို့ရာတွင် ထိုမူကြမ်းတွင် အပေါင်းပါတပ်ဖွဲ့များ ဆုတ်ခွာရေးကိစ္စကို ထည့်သွင်းထားခြင်းမရှိဟု ဆိုသည်။

ဆန္ဒရှိ

အီရတ်တာဝန်ရှိသူများက အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များကို အာရပ်နိုင်ငံများမှ တပ်ဖွဲ့ဝင်များနှင့် အစားထိုးချထားလိုသော ဆန္ဒရှိကြောင်း ပြောကြားခဲ့ကြသည်။

မလိုလား

အာရပ်နိုင်ငံမှ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးနိုင်စရာရှိသည်။ သို့ရာတွင် အာရပ်တပ်ဖွဲ့များကို ကျူးကျော်သိမ်းပိုက်ရေး တပ်ဖွဲ့များနှင့်အတူ ပေါင်းစည်းဆောင်ရွက်စေမည့် သဘောမျိုးကို မိမိတို့ မလိုလားကြောင်း အီဂျစ်နိုင်ငံ ကိုယ်စားလှယ်လည်းဖြစ်၊ အာရပ်နိုင်ငံအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးလည်းဖြစ်သူက တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားခဲ့သည်။

အနာဂတ်တွင် ဆုံးဖြတ်မည့် ကုလသမဂ္ဂဆိုင်ရာ အီရတ်အရေး ဆုံးဖြတ်ချက်တွင် အီရတ်မဟုတ်သော ပြည်ပတပ်ဖွဲ့များသည် အီရတ်နိုင်ငံအတွင်း၌ မည်သည့်တာဝန်မျိုးကို ထမ်းဆောင်ရမည်ကို ရှင်းလင်းစွာ ပြဋ္ဌာန်းပေးသင့်ကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အာရပ်တပ်ဖွဲ့ဝင်များသည် အခြားသော နိုင်ငံခြားတပ်ဖွဲ့များကို အထောက်အကူပြုရမည့်တာဝန်ကို ယူရမည်ဆိုလျှင် ထိုကိစ္စမှာ မဖြစ်နိုင်သောကိစ္စဖြစ်သည်။ အာရပ်တပ်ဖွဲ့များက အီရတ်ပြည်သူများအတွက် အကူအညီပေးရမည်ဆိုလျှင် ထိုကိစ္စသည် လက်ခံဆောင်ရွက်ပေးနိုင်သောကိစ္စဖြစ်သည်။ သို့ရာတွင် ဤကိစ္စတွင် အာရပ်တပ်ဖွဲ့များ လာရောက်အကူအညီပေးရန် အီရတ်ပြည်သူများက မေတ္တာရပ်ခံရန် လိုအပ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၂၈ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ ကျူးကျော်သိမ်းပိုက်မှုကို ကန့်ကွက်ဆန္ဒပြနေသော အီရတ်များကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ စစ်ရေးအကြမ်းဖက်မှုကြောင့် ခုခံတိုက်ခိုက်မှုများ ပိုမိုကြီးထွားလာ အီရတ်အုပ်ချုပ်ရေးကောင်စီဝင် ခါဖာဂျီ ပြောကြား

ဘဂ္ဂဒက် မေ ၃၁

သေနတ်သမားများ၏ ချုံခိုတိုက်ခိုက်ခံရမှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့သည့် အီရတ်အုပ်ချုပ်ရေးကောင်စီဝင် ဆလာမာအယ်ခါဖာဂျီက အီရတ်နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များကို သောကြာနေ့က ပြစ်တင်လိုက်သည်။ ယင်းသို့ တိုက်ခိုက်ခံရရာတွင် အယ်ခါဖာဂျီ၏သားမှာ သေဆုံးခဲ့ဖွယ်ရှိသည်။

အီရတ်နိုင်ငံ၌ ခုခံတိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ဝတ်ပြုဆုတောင်းရန် နာဂျက်ဖ်မြို့သို့ သွားရောက်ပြီးနောက် ဘဂ္ဂဒက်သို့ အပြန်တွင် ကားသုံးစီး ပါဝင်သည့် သူမ၏ ယာဉ်တန်းကို သေနတ်သမားများက ကြာသပတေးနေ့တွင် အပြင်းအထန် ပစ်ခတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်တို့၏ အကြမ်းဖက်မှု အဆုံးသတ်ရေးအတွက် ဝတ်ပြုဆုတောင်းရန် နာဂျက်ဖ်မြို့သို့ သွားရောက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အခြားတစ်ဖက်မှ ခုခံတိုက်ခိုက်မှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း သူမက ဘဂ္ဂဒက်မြို့ နေအိမ်တွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာ၌ ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

— ရပ်ဆိုင်းရမည် —

အမေရိကန်တပ်ဖွဲ့ဝင်များ လုပ်နေသည်မှာ အခြားတစ်ဖက်မှ ခုခံတိုက်ခိုက်မှုကို ပိုမိုကြီးထွားစေကြောင်း၊ အမေရိကန်တပ်ဖွဲ့၏ အကြမ်းဖက်မှုကြောင့် အကြမ်းဖက်မှုကို ပိုမိုကြီးထွားစေကြောင်း၊ ထို့ကြောင့် အမေရိကန်တို့၏ စစ်ရေးအကြမ်းဖက်မှုကို ရပ်ဆိုင်းပစ်ရမည်ဖြစ်ကြောင်း ခါဖာဂျီက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် လက်နက်ကိုင်သမားများ အကြား တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် နာဂျက်ဖ်မြို့သို့ သွားရောက်သည့် သူမ၏ယာဉ်တန်းမှာ ဓားပြများပေါသည့် ယူဆူဖီယာမြို့ အရှေ့တွင် လမ်းပိတ်ဆို့ခံရပြီး တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ အမေရိကန်နိုင်ငံ ပစ္စဘတ်မြို့၌ပြုလုပ်

ပစ္စဘတ် မေ ၃၁

လူမည်းများဦးဆောင်သည့် စစ်ဆန့်ကျင်ရေးအုပ်စုက အမေရိကန်နိုင်ငံ ပစ္စဘတ်မြို့၌ စနေနေ့က လှည့်လည်ကန့်ကွက် ဆန္ဒပြကြပြီး အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းမှု မပြီးမချင်း အပတ်စဉ်ကန့်ကွက်ဆန္ဒပြပွဲများ ဆက်လက်ပြုလုပ်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်လိုက်ကြကြောင်း သိရသည်။

လူမည်းတို့၏ ငြိမ်းချမ်းရေးအသံဟူသော အဖွဲ့က စည်းရုံးပြုလုပ်သည့် ပထမဆုံး ကန့်ကွက်ဆန္ဒပြပွဲသို့ လူဖြူရော၊ လူမည်းများပါ ပါဝင်ပြီး လူနှစ်ဒါဇင်ခန့် ချီတက်ဆန္ဒပြကြသည်။ ဤစစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကို ပစ္စဘတ်မြို့၌ စနေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ကျင်းပသွားမည်ဆို၏။ ***အင်တာနက်။***

မေ ၂၈ ရက်က ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီနှင့် မေလအတွင်း အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၂၀၀ ကျော်ရှိ

ဝါရှင်တန် မေ ၃၁

အီရတ်နိုင်ငံရောက် အမေရိကန်တပ်ဖွဲ့ဝင်များမှာ တစ်နေ့လျှင် နှစ်ယောက်မကနှုန်းဖြင့် မေလအတွင်းတွင် သေဆုံးကြောင်း အမေရိကန်စစ်ဌာနချုပ် စာရင်းအင်းများအရ သိရသည်။ ထိုနှုန်းဖြင့် သေဆုံးသည့်အတွက် ဧပြီနှင့် မေလအတွင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၀၀ ကျော်သွားပြီဆို၏။

မေလအတွင်း သေဆုံးသူတပ်ဖွဲ့ဝင်များအနက် အနည်းဆုံး ၂၂ ဦးမှာ အစောင့်တပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များဖြစ်သည်။ ထို့ကြောင့် အစောင့်တပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များမှာ တိုက်ခိုက်ရေးတာဝန် ပိုမိုယူရသည့် လက္ခဏာကို ပြနေသည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားမှု အီရတ်တစ်ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၃၁

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တနင်္ဂနွေနေ့က တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ လွန်ခဲ့သည့် ၂၄ နာရီအတွင်း တိုက်ခိုက်မှုအတွင်း အီရတ်တစ်ဦး သေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်သံများကြားရ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်သူများ အပြန်အလှန်ပစ်ခတ်ကြပြီး အမေရိကန်တင့်ကားမှ ပေါ်ထွက်လာသော အမြောက်သံများ၊ ရှီးယိုက်မီဒီလက်နက်ကိုင်တပ်သားများ၏ လက်ပစ်ဗုံး၊ စိန်ပြောင်း၊ စက်သေနတ် ပစ်ခတ်သံများကို ကြားရကြောင်း ဂျာဝက်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အီရတ်တစ်ဦး သေဆုံးပြီး အခြား ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ဒဏ်ရာရသူများတွင် ကလေးငယ်နှစ်ဦးပါဝင်ခဲ့ကြောင်း နာဂျက်ဖ်ရှိ ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

ထွက်ပြေးတိမ်းရှောင်

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း နာဂျက်ဖ်မြို့တွင် တည်ငြိမ်အေးချမ်းမှု ရှိခဲ့သော်လည်း တိုက်ခိုက်မှု ပြန်လည်ဖြစ်ပွားရာ ဆိုင်များကို ပိတ်ထားပြီး ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

ကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ထွက်ခွာသွားမှသာ ငြိမ်းချမ်းရေး ရနိုင်ဖွယ်ရှိကြောင်း ဆာဒါက အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြား သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အဆောက်အအုံ ပျက်စီး

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင်အမေရိကန်တပ်ဖွဲ့၏တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံများကို မေ ၃၀ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးနေသော အဆောက်အအုံတစ်လုံးကို မေ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ဆေးရုံသို့ ခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်တောင်ဘက် အမ်မရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားစဉ် ချောင်းမြောင်းကြည့်ရှုနေသော အီရတ်ကလေးငယ်တစ်ဦးကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော ခင်ပွန်းဖြစ်သူအတွက် ငိုကြွေးနေသော အီရတ် အမျိုးသမီးတစ်ဦးကို မေ ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံအင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည် တစ်ခွင်

မြို့ကြီးပြကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက် စည်ကားလာသော နယ်စပ်ဒေသ လောက်ကိုင်မြို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)



ချင်းပြည်နယ် ဟားခါးမြို့ရှိ မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုတောင်းရှိ နယ်စပ်ဒေသဆေးပေးခန်း အဆောက်အအုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နယ်စပ်နှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး

လက်ဖက်စိုက်ခင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆီလူးဒေသရှိ လက်ဖက်စိုက်ခင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

မြန်မာနိုင်ငံသည် မလေးရှားနိုင်ငံနှင့်ဆက်ဆံရေးကို များစွာတန်ဖိုးထား နှစ်နိုင်ငံအကြား တည်ရှိပြီးချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မြန်မာနိုင်ငံတွင် စီးပွားရေးဆက်ဆံမှုများ ပိုမိုတိုးချဲ့လုပ်ဆောင်သွားရန်ဆန္ဒရှိ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟုယူဆ

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရန် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးယာဉ်တန်းဖြင့် ပူထရာဂျာရာမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ရောက်ရှိကြရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

သီးသန့်အထူးအစည်းအဝေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီတို့အကြား သီးသန့်အထူးအစည်းအဝေးကို ဝန်ကြီးချုပ်ရုံး ပဉ္စမထပ်ရှိ ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albar ၊ ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Chia Kwang Chye ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato Cheah Sam Kipနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး တတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ညနေ ၃နာရီတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းအောင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ Minister of Foreign Affairs Datuk Seri Syed Hamid bin Syed Jaafar Albar, Minister of Tourism Datuk Dr. Leo Michael Toyad, Deputy Minister of Internal Security Mr. Chia Kwang Chye, Deputy Minister of Internal Security Dato Noh Omar, Deputy Minister of International Trade and Industry Datuk Ahmad Husni bin Hanadzlah, Deputy Minister of Energy, Water and Communications Dato Shaziman Abu Mansor, Advisor for Foreign Affairs to Prime Minister Tan Sri Abdul Kadir Mohamad, မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dato Cheah Sam Kipနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အထူးသဖြင့် ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ၌

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီတို့ မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံး ပဉ္စမထပ်ရှိ ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ အထူးအစည်းအဝေးပြုလုပ်ကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီတို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မဟာသမယသုတ္တန်တရားတော်အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဇွန် ၁

၁၃၆၆ခုနှစ် နယုန်လပြည့်(မဟာသမယအခါတော်နေ့) ဇွန် ၂ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒ အမှူးပြုသည့်ဆရာတော်ငါးပါးတို့က “မဟာသမယသုတ္တန်တရားတော်”ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

☆ စာမျက်နှာ ၁၂မှ

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၅)၌ ဆက်လက်ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းနှင့် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ ဦးလုံး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ဦးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်(၅)မှ အကြံပြုရေးသားတင်ပြသည့် လွှတ်တော်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ စာတမ်းကို ဧရာဝတီတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါ်အေးအေးသောင်း၊ ကယားပြည်နယ်မှ အလုပ်သမား ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း၊ စစ်ကိုင်းတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးစိန်အောင်နှင့် မန္တလေးတိုင်းမှ အလုပ်သမား ကိုယ်စားလှယ် ဦးအောင်မွန်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဖတ်ကြားဆွေးနွေးတင်ပြကြသည့် လွှတ်တော်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများနှင့် စပ်လျဉ်းသည့် စာတမ်းကို အစည်းအဝေးသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးသန်းမြင့်က ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောနှင့် ပါမောက္ခ ဌာနမှူးနှင့် ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာ သိန်းညွန့်(ညွန့်ဝေ-ကသာ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦး ရှိသည့် အနက် ၅၅ ဦး တို့ တက်ရောက်သည့် အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၈၁ ရှိ သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုစာတမ်းများကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးလှမြင့် (မနောမယ-ပတ္တမြား)၊ မြန်မာစာအဖွဲ့-အဖွဲ့ဝင် ဦးမြင့်ကြည်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ရုပ်သေးပညာရှင် ဦးရဲဒွေး၊ မြန်မာနိုင်ငံဗိသုကာများအသင်းဥက္ကဋ္ဌ ဒေါက်တာလှသန်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့အမှုဆောင် အဖွဲ့ဝင် ဒေါ်ရီရီမြင့်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဆိုင်းပညာရှင် ဦးစိန်လှမြိုင်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းတို့က အသီးသီး ဖတ်ကြား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေး ကို နံနက် ၁၀နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဦးမြတ်ကို၊ သာသနာရေး ဝန်ကြီးဌာနမှ ဦးအုံ့မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်တို့တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် ကဏ္ဍအလိုက် စာတမ်းပြုစုရေး အဖွဲ့ငယ်များက တင်ပြသော စာတမ်း(၁၁)စောင်ကို လေ့လာဆွေးနွေး ညှိနှိုင်းကြပြီး သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှဦးအောင်ခမ်းထီတို့ကဆောင်ရွက်ကြပြီးအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ ဦး ရှိသည့်အနက် ၉၉ ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၉ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ကိုယ်စား သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထီက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့နှင့် မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့တို့က တင်ပြသည့်အကြံပြုစာတမ်းကို ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့မှ ဦးစိုင်းခွမ်မိန်းကလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ တင်ပြသည့် အကြံပြုစာတမ်းကို ယင်းအဖွဲ့ကိုယ်စား ဦးခွန်တင်ထွဋ်နှင့် ဦးခွန်ကျော်ကျော်တို့က လည်းကောင်း၊ ဘုရားကုန်း အထူးဒေသအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးဖဒိုအောင်ဆန်းက သဘာပတိအဖွဲ့ထံ တင်ပြသည့်စာကို သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထီက လည်းကောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေး ကို နံနက် ၉နာရီ ၅၅ မိနစ် တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိကိုယ်စား သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထီအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
၁၃၆၆ ခုနှစ်၊ နယုန်လပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) မွန်ပြည်နယ်၊ သထုံမြို့၊ လယ်ဝန်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒ ဟောကြားတော်မူသော “မဟာသမယသုတ္တန်”တရားတော်**
၈:၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၃၀ ၆။ International News.
၈:၄၅ ၇။ Let's Go.
၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၀၀ ၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၅:၁၅ ၆။ သီချင်းကြီးပဒေသာ
၅:၃၀ ၇။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသား ရိုးရာအစားအစာ(ရခိုင်)
၅:၄၀ ၈။ ဓမ္မပူဇာတေးအစီအစဉ်
၅:၅၅ ၉။ ကမ္ဘာ့ဝိပဿနာစေတီတော်
၆:၁၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၂၀ ၁၁။ Discovery
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ ကိုးကန့်တိုင်းရင်းသားတို့ရဲ့ ဂျင်ပေါက်ပွဲ
၇:၁၅ ၁၅။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယကြီးကျယ် ထူးမြတ်သည့်အခါတော်နေ့**
၇:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်း အချစ်ဆိုသည်မှာ(အပိုင်း-၄၃)**
၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

အဘိဓမ္မာပြန့်ပွားရေးအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၁

ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၅၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို ဇွန် ၆ ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းလမ်းမကြီးပေါ်ရှိ ရတနာဃရဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းသူ၊ အသင်းသားများ ဖိတ်စာများရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က–ပ)

လှူဒါန်း

မေ ၁၇ရက်က ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်ရွှေ(တောင်ကြီး) အားရည်စူး၍ အမှတ် ၁၀၀ ၄၈လမ်း ဗိုလ်တထောင်မြို့နယ်နေ စိုင်းဘုန်းထူးဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်းမှ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ပဒေသာပင်သုံးမျိုးအတွက် အလှူတော်ငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က–ပ)

စီးပွား/ ကူးသန်းဂျာနယ်အတွဲ(၄)၊အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် ဇွန် ၁

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့် စီးပွား/ကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၁၀)ကို အမှတ် (၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွား/ကူးသန်း ဂျာနယ်တိုက်မှ တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က–ပ)

သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁

Q.E.L.C Language Centre မှဖွင့်လှစ်ခဲ့သော ပထမတန်းမှ နဝမတန်းအထိ English Skills Foundation (အရေး၊ အဖတ်၊အပြော၊နားထောင်၊သဒ္ဒါ) ဘာသာစကားစွမ်းရည်မြှင့်တင်ခြင်း သုံးလသင်တန်းပြီးဆုံးခြင်း အထိမ်းအမှတ် သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို မေ ၃၁ရက်က သင်တန်းကျောင်းခန်းမတွင်ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် Q.E.L.C မှ တက္ကသိုလ်ဝင်တန်းဖြေ၊ တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရ၊ ဘွဲ့ကြိုများအတွက် 4 Skills English, TOEFL, IELTS, စကားပြော သင်တန်းများနှင့် ပထမတန်းမှ နဝမတန်းအထိ English Skills Foundation သင်တန်းများကို ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းများကို Q.E.L.C အမှတ်(၁၅၆) ၄၆လမ်းနှင့် ၄၇လမ်းကြား အနော်ရထာလမ်းမ ဗိုလ်တထောင်မြို့နယ် ဖုန်း–၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က–ပ)

ပန်းသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈)ဖြန့်ချိ

ရန်ကုန် ဇွန် ၁

New Century Group က စီစဉ်တင်ဆက်သည့် ပန်းသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ပြန်လည် ပျိုးမျစ်လာသော ကြက်သားဈေးကွက်သစ်၊မန္တလေးနှင့်ပြည် စီးပွားရေးသတင်းများ၊ ပါရီလေဆိပ် အဆောက်အအုံ အမိုးပြိုကျခြင်း၊ ကန်းစ်ရုပ်ရှင်ရုံ အမြင့်ဆုံးဆု၊ ကမ္ဘာ့အရပ်အရှည်ဆုံးလူစသည့် စိတ်ဝင်စားဖွယ်ရာ ပြည်တွင်း ပြည်ပသတင်းများ၊ စင်ကာပူမှာကျင်းပတဲ့ဟောလိဝုဒ်ထူးချွန်ဆုပေးပွဲ၊ သစ္စာနီ၊ ကမ္ဘာလှည့်တင်တင်စိန်၊ ရွှေကူမေနှင်းတို့၏ ဆောင်းပါးများအပါအဝင် ပန်းလက်ဆောင်၊သမိုင်းတွင်ရစ်သည့်ပန်းများ၊ အီကေဘားနား ပန်းအလှဆင်မှုစသည့်အကြောင်းအရာများပါဝင်ပြီး ပန်းသတင်းဂျာနယ်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(က–ပ)

မုန်တိုင်းသတင်း

ရန်ကုန် ဇွန် ၁

ယနေ့မြန်မာစံတော်ချိန် ၁၂:၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းရှိ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက်မိုင် ၅၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဆက်လက်ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညှင်းစွာရွေ့လျားပြီး ယနေ့မွန်းတည့်မှနောက်၂၄နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားမည်ဟု ခန့်မှန်းရသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မွေးနေ့ဆုတောင်း

ချစ်သမီး **မျိုးအင်ကြင်း(ခ)အောင်မေမေခင်** [2nd M.B.,B.S-IM(1)] ဆေးတက္ကသိုလ်(၁) Director (Salai Jade & Gems Co., Ltd) ရဲ့ ၂–၆–၂၀၀၄ရက်တွင် ကျရောက်သော အသက်(၁၉)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးကို ချောမွေ့အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ဘိုးဘိုး – (ဗိုလ်မှူးကြီးသိန်းမောင်)–ဘွားဘွား–ဒေါ်စိန်တင်(မကွေး)
ဖေဖေ – ဦးဆလိုင်းအောင်အောင် (President of Salai Jade & Gems and Salai Trading Co., Ltd.)
မောင်လေး– ဆလိုင်းမင်းကောင်း [X-(A)TTC] ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း။







အမည်ပြောင်းခြင်း

ဦးအောင်စိုး၏သား မောင်နေလွင်အောင်[၉/မမန(နိုင်)၀၉၀၁၃၆] အား မောင်နေလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နေလွင်။



ပြည်တွင်း–ပြည်ပသာသနာပြု–ကျေးဇူးတော်ရှင်အလိုတော်ပြည့်ဆရာတော်ကြီး၏ သက်တော်(၆၁)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာအား ပူဇော်ကန်တော့ခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အောင်မြေဗောဓိ ဓမ္မရိပ်သာ၊ အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်အဓိပတိ–အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိသာသနဟိတဓရ ပုဂံ/ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်း/ပြည်ပသာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသ၏ သက်တော်(၆၁)နှစ်၊ သိက္ခာတော် (၄၁)ဝါ၊ ဂုဏ်တော်အနန္တ မျှော်မှန်းဆလျက် ပူဇော်ကန်တော့ဆင်နွှဲပွဲ အခမ်းအနားကို ၁၃၆၆ခုနှစ်၊ နယုန်လပြည့်နေ့ ၂–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ မွေးနေ့အလှူ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေပူဇော်ကန်တော့မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်ကြီး သက်တော်ရာတော်ရှည်ပြီး သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်တိုးတက်နိုင်ပါစေကြောင်း တပည့်၊ ဒါယကာ၊ ဒါယိကာမမိသားစုများမှ ပူဇော်ကန်တော့လိုက်ပါ၏။

အလှူ့ဒါယကာ၊ ဒါယိကာမများ။

၁။ ဦးကျော်ဝင်း–ဒေါ်ဌေးဌေးဝင်းမိသားစု
၂။ ဦးကိုကိုလွင်–ဒေါ်သန်းသန်းရှိန် (ငွေပင်လယ်ငါးမုန့်လုပ်ငန်း)
၃။ ကိုမောင်မောင်–Royal Beach Motel (ငပလီ)

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးကြီးမြင့်ရွှေ**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)– ချစ်မေမေ **ဒေါ်တင်တင်လှိုင်**တို့၏ ၂–၆–၂၀၀၄ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားများနှင့်အတူ အောင်မြင်သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ–

ချစ်သားကြီး–ဗိုလ်ဇာနည်မြင့်ရွှေ M.B.,B.S (DSMA)
ချစ်သားငယ်–မောင်ဇေယျာမြင့်ရွှေ B.Sc. (Hons;) CIS (Metropolitan, Lon.)

ပြင်ဦးလွင်မြို့နယ် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်လှစ် ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ် လွယ်ကူစွာသွားလာနိုင်

ပြင်ဦးလွင် မေ ၂၉

ပြင်ဦးလွင်မြို့နယ် ပဒေသာမြို့သစ်နှင့် သပြေရေကျေးရွာဆက်သွယ်သော ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ရက် နံနက် ၈နာရီက အဆိုပါ လမ်းမုခ်ဦးတွင် ကျင်းပရာ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးမြင့်၊ အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌဦးပါစည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေနှင့် အဖွဲ့ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သပြေရေကျေးရွာဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းက ကျောက်ချောလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်မြင့်ဆွေတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းကျောက်ချောလမ်းသည် အရှည် လေးမိုင် လေးဖာလုံဖြစ်ပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၃၃၄ ဒသမ ၈သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အကျိုးပြု ကျေးရွာများမှာ နောင်လှိုင်၊ ပါအယ်၊ ပင်တီး၊ သပြေရေ၊ မိုင်းလုံး၊ ကြက်တက် စသည့် ကျေးရွာများဖြစ်ကြပြီး ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချို မြို့နယ်များသို့ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(၄၂၁)**

ကျေးလက်ဒေသ သောက်သုံးရေသန့်ရရှိရေး အလှူရှင်စက်ရေတွင်း မြို့ပေါ်ကျေးရွာ၌ဖွင့်

ဘုတလင် မေ ၂၅

ကျေးလက်ဒေသများ သောက်သုံးရေသန့်ရရှိစေရေးအတွက် ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံချက်အရ နိုင်ငံတော် ထောက်ပံ့ငွေကျပ် သုံးသိန်း၊ မန္တလေးမြို့နေ စက်ရက်ကန်းတံဆိပ် ဖိနပ်လုပ်ငန်းရှင် ဦးစောမောင်၊ ဒေါ်ရင်ရင်ရွှေတို့လှူဒါန်းငွေကျပ် ငါးသိန်းဖြင့် မြို့ပေါ်ကျေးရွာတွင် ပဋ္ဌမအကြိမ် စက်ရေတွင်းတူးဖော်ဆောင်ရွက်ခဲ့ရာ သောက်ရေသန့်ဖူလုံစွာ ရရှိနေပြီဖြစ်သည်။

အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို မေ ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့်အလှူရှင် ဒေါ်ရင်ရင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစက်ရေတွင်းမှာ တစ်နာရီလျှင် သောက်ရေသန့် ဂါလန် ၁၂၀၀ ထွက်ရှိသောစက်ရေတွင်းဖြစ်၍ ကျေးရွာပြည်သူများ ဝမ်းသာနေကြကြောင်း သိရသည်။ **(၄၃၉)**

ကျေးလက်ဒေသရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ကောလင်း မေ ၂၅

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသရေရရှိရေး စီမံချက်အရ မေလအတွင်း ကောလင်းမြို့နယ် တဂေါင်းအိုင်၊ ယားတောင်၊ ဂွာရှည် (တောင်)၊ ကျွန်းတော၊ ခံသာ၊ တံစူး ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါအဖွဲ့သည် စက်ယန္တရားများကိုအသုံးပြုပြီး ရေရှားပါးသောဒေသများတွင် ကျေးလက်ရေရရှိရေး၊ သောက်သုံးရေဖူလုံရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၂၁၄)**

မြို့နယ်သတင်းများ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးဦးထွန်းထွန်းစိုးက လားရှိုးမြို့ပေါ် ရပ်ကွက်အသီးသီးရှိ နိုင်ငံသား အရည်အချင်းပြည့်မီသော တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူ၉၄ဦးအားမေ၁၁ရက်က လားရှိုးမြို့ ကိုးကန့်ယဉ်ကျေးမှုရုံး၌ တစ်ဦးချင်းပေးအပ်စဉ်။

(က-ပ)

သက်ကြီးရွယ်အိုများအား မျက်မှန်လှူဒါန်း

မိုးညှင်း မေ ၂၈

မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သက်ကြီးရွယ်အိုများ အခမဲ့ မျက်စိ၊ မျက်မှန်စမ်းသပ်ခြင်းနှင့် မျက်မှန်လှူဒါန်းခြင်းကို မေ ၁၈ရက်က မြို့နယ်အသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့ပေါ်ငါးရပ်ကွက်မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် မျက်စိ၊ မျက်မှန် စမ်းသပ်ခံသက်ကြီးရွယ်အိုများ တက်ရောက်ကြသည်။

လှူဒါန်း

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် မြို့ပေါ်ရပ်ကွက် ငါးခုမှ သက်ကြီးရွယ်အို ၁၇ ဦးတို့အား အခမဲ့မျက်စိ၊ မျက်မှန် စမ်းသပ်ခြင်း၊ လိုအပ်သည့်မျက်မှန်များ လှူဒါန်းတပ်ဆင်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်ဒေသများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူကာ အဖွဲ့ရန်ပုံငွေ ကျပ်၆၄၆၀၀၀ဖြင့် တူးဖော်ခဲ့သော ဇောင်းတူကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း နှစ်လက်မစက်ရေတွင်းကို မေ ၂၁ ရက်က တွေ့ရစဉ်။ (၁၃၂)

မွေးမြူရေးနှင့် ကုသရေးရုံးသစ် အရာတော်မြို့နယ်၌ဖွင့်

အရာတော် မေ ၂၅

မုံရွာခရိုင် အရာတော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရုံးသစ် အဆောက်အအုံကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ငွေးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ချီးမြှင့်

ကော့ကရိတ် မေ ၃၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ကော့ကရိတ်မြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ခြင်း အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ကော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးကော်မတီခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦးတို့အား ပညာသင်စရိတ် ချီးမြှင့်ငွေ ကျပ် ၃၇၅၀၀၀ကို အသီးသီး ပေးအပ်ချီးမြှင့်သည်။ **(ခရိုင်ပြန်/ဆက်)**

နွားထိုးကြီးမြို့နယ်တွင် စီမံကိန်းတာဝန်များ ပေးအပ်

ကဏ္ဍအလိုက် အပြည့်အဝစိုက်ပျိုးရန် မှာကြား

နွားထိုးကြီး မေ ၂၇

နွားထိုးကြီးမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝေမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်းနှင့် ဝါ/ပိုး လုပ်ငန်းတို့မှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု ၇၀ မှ ဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေး ရှေ့တန်း(၇)မှ တာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက စီမံကိန်းရည်မှန်းချက် အောင်မြင်အောင် လိုအပ်ချက် ကဏ္ဍအလိုက် အပြည့်အဝစိုက်ပျိုးရန်၊ သတ်မှတ်ချက် အတိုင်း လိုက်နာစိုက်ပျိုးကြရန်နှင့် ဒေသဝမ်းစာဖူလုံရေး အဓိကထားစိုက်ပျိုးပေးရန် မှာကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက စီမံကိန်းရည်မှန်းချက်များကို ရှေ့တန်းစခန်းများအလိုက် တာဝန်ခံများထံ တာဝန်ပေးအပ်ကြသည်။ နွားထိုးကြီးမြို့နယ်တွင် နံ့စားသီးနှံ ၃၇၁၅၆ ဧက၊ ပဲမျိုးစုံ ၁၄၁၉၆၆ ဧက၊ ဆီထွက်သီးနှံ ၁၄၉၇၈၄ ဧက၊ စားဖိုဆောင်သီးနှံ ဧက ၅၃၀၀၊ ဝါမျိုးစုံ ဧက ၂၇၈၀၀ နှင့် အခြားသီးနှံ ၁၅၁၉၄ ဧက စုစုပေါင်းဧက ၃၇၇၂၀၀ စိုက်ပျိုးရန် လျာထားကြောင်းသိရသည်။ **(၉၄)**

မြို့သာယာလှပရေး အရှိန်အဟုန်မြှင့် ဆောင်ရွက် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်

တီးတိန် မေ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနသည် မြို့များသာယာလှပရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်က ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တီးတိန်မြို့တွင်း လမ်းဘေး မြေထိန်းနံရံများအား နိုင်ငံတော် ထောက်ပံ့ငွေဖြင့် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးကြီးကြပ်

ထိုသို့ ဆောင်ရွက်ရာတွင် တီးတိန်မြို့ ဗိုလ်ချုပ်လမ်း ပြည်သူ့ဆေးရုံအောက်ဘက် မြေထိန်းနံရံ တည်ဆောက်နေခြင်းကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးစိုးသန်း စစ်ဆေးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ယာပုံ)** **(က-ပ)**

မိတ္ထီလာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

မိတ္ထီလာ မေ ၂၉

မိတ္ထီလာဂေါက်ကွင်းတွင် ဦးစိုးမြင့်သည် မေ ၁၀ ရက်ညနေ ၅ နာရီက ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ် (၇) ၁၅၈ ကိုက်မှ 1 ALTUS EV ဘောလုံးအား Tommy Mann SUPER JV 325 Iron (5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးသိန်းထွန်း၊ ဦးအေးကို၊ ဦးအောင်မှူးနှင့် ဦးမြင့်သိန်းတို့လည်း အတူကစားခဲ့ကြကြောင်း သိရသည်။ **(၁၁၁)**

အစဉ်ဝယ်ယူအားပေးနေကြသော မိတ်ဟောင်း၊ မိတ်သစ် ဖောက်သည်များသို့

KING & QUEEN *fashion speciality* (ဖက်ရှင် ရှော့ပ်) များကို ၁၉၉၂ ခုနှစ်မှ စတင်ဖွင့်လှစ်ရောင်း ချခဲ့ရာ ယခုအချိန်တွင် (၁၂)နှစ်ပြည့်လုနီး ကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဤမျှသောအချိန်ကာလအတွင်းတွင် ဖက်ရှင်စျေးကွက်အနေအထားတို့သည်လည်း ဝယ်ယူသုံးစွဲသူများ၏ အကြိုက်ဆန္ဒ လိုအပ်ချက်များ ဝင်ငွေ အနေအထားနှင့်သုံးစွဲနိုင်အားအနေအထားများ စျေးကွက်အတွင်းရောင်းလိုအားဖေကိုင်းအတာများ အစဉ်ပြောင်းလဲဆန်းသစ်နေသည့် Life Styles များ၊ စျေးဝယ်သူတို့၏အလေ့အထများ စသည်တို့အပေါ် မူတည်၍ အစဉ်ပြောင်းလဲရှင်သန်လျက်ရှိကြပါသည်။ ၎င်းအချက်အလက်များကို အလေးအနက် ထည့်သွင်း စဉ်းစားသုံးသပ်လျက် KING & QUEEN ဆိုင်ဖောက်သည်များအတွက်အကောင်းဆုံးအနေအထားတစ်ခုကိုဖြည့်ဆည်းပေးနိုင်သည့် KING & QUEEN *fashion*ဆိုင်ပုံစံအသစ်ကိုမကြာမီကာလအတွင်းဖွင့်လှစ်နိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ပါသည်။ ကမာရွတ်လှည်းတန်းမီးပွိုင့်ရှိ KING & QUEEN ဆိုင်ကိုပုံမှန်အတိုင်းဖွင့်ထားမည်ဖြစ်ပြီး **အမှတ် (၂၄)၊ လမ်း (၃၀)အနော်ရထာလမ်းဆိုင်ကို ဇွန်လတတိယပတ်**မှစ၍ပိတ်ထားလိုက်မည်ဖြစ်ရာယနေ့မှစ၍ ၎င်းအချိန်ကာလအတွင်း **ဆိုင်နှစ်ဆိုင်လုံးရှိပစ္စည်းများအားလုံး** **ကို(30% Discount)**ဖြင့်အထူးလျှော့ချရောင်းချပေးမည်ဖြစ်ပါ၍ မိတ်ဟောင်းမိတ်သစ်ဖောက်သည်များဝယ်ယူအားပေးနိုင်ကြပါရန်သတင်းကောင်းပါးအပ်ပါသည်။

အမျိုးသား၊ အမျိုးသမီး > အဝတ်အထည် > ဖိနပ် > ဖိနပ် > အသုံးဆောင်ပစ္စည်းများ

KING & QUEEN fashion speciality
☎ : 284061,525910

အသားတိုးကြက်ပေါက် (D.O.C) များရပါပြီ

ကျွန်တော်များ Green Nine Stars Enterprise မှအသားတိုးကြက်ပေါက်(D.O.C)များကို စတင်ရောင်းချပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်
အမှတ် (၂၃၆)၊ ဗျူဟာလမ်း(အထက်)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
☎ : 242047,370537,370538
လိုင်းဖုန်း - 09-80 21059 , 09-80 23377

လိုအပ်ပါက ကြိုတင်မှာကြားနိုင်ပါသည်။

" ဖြန့်ချိရေးကိုယ်စားလှယ်များ အလိုရှိသည် "

GODZILLA



FIGHTER

ဂေါ်ဇီလာခြင်နိုင်ဆေးခွေ နှင့် ဖိုက်တာခြင်နိုင်ဆေးခွေ တို့ကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း) တို့တွင် ဖြန့်ချိရန်အတွက် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်အပ်ပါသည်။ ဆက်သွယ်ရန် ဖုန်း - ၀၁ ၂၀၄၀၀၇ ၊ ၂၄၆၇၂၂

Top English [illegible]
PHONETICS [illegible] JUNE 5 [illegible]
GRAMMAR [illegible] JUNE 10 [illegible]
[illegible] ရန်ကုန်မြို့။ Phone: 500263

နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်မ ဒေါ်ရီရီကျော် (TDI – ၀၀၀၁၉၄)နှင့် ဦးခင်မောင်ဝင်း (TDI – ၀၀၄၅၉၆)တို့သည် သဘောထားချင်းတိုက်ဆိုင်မှု မရှိတော့သဖြင့် ၂၃–၄–၂၀၀၄နေ့တွင် ရန်ကုန်တိုင်းတရားရုံးတွင် ကွာရှင်းပြတ်စဲပြီးပါကြောင်း။

ဒေါ်ရီရီကျော်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	[illegible]	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

တိုက်ခန်းနှင့် မြေကွက် အမြန်ရောင်းမည်

မြေ ၄၃' X ၁၀၀' စက်မှု(၃)လမ်း၊ မေတ္တာညွန့်၊
တိုက်ခန်း ၂၅' X ၅၀' ၊ ပထပ်၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်၊ တာမွေ။
အဆင့်မြင့်ပြင်ပြီး၊ အိပ်ခန်း(၃)ခန်း၊
ဖုန်း – ၅၅၅၀၀၅။

အမည်ပြောင်းခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့ အထက ဆဌမတန်း(ဃ)မှ အဖ ဦးလွင်မျိုး (ခ) ဦးသန်းဇော်၏သား မောင်ဗိုလ်ဗိုလ်ဦးအား မောင်ဗိုလ်ဗိုလ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဗိုလ်ဗိုလ်ကျော်။**

ဖခင်အမည်မှန်

မြောက်ဒဂုံ အမက(၁၄) ပထမတန်း(A)မှ မေသန္တာထွန်း၏ ဖခင်အမည်မှန် မှာ ဦးညီညီနိုင် [မလမ(နိုင်) ၁၀/၁၅၇၇၃၈] ဖြစ်ပါသည်။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်း၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ
ဦးအောင်ကျော်-ဒေါ်မိုးမိုးလှိုင်တို့၏ဒုတိယသား

ဒေါက်တာဖြိုးလင်းအောင် M.B.,B.S(Mdy)

လ/ထ ဆရာဝန် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့

နှင့်

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ ဈေးတန်းရပ်၊ အောင်ဇေယျလမ်းနေ
ဒေါက်တာကျော်ငွေး-ဒေါက်တာခင်ဆွေမြင့်တို့၏သမီးထွေး

မခင်ကျော်ကျော်ဇေ (Final Part , II M.B.,B.S)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၂၅-၅-၂၀၀၄ရက်တွင် ရွှေဘိုမြို့ အကယ်ဒမီမင်္ဂလာခန်းမ၌ ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဖြိုးလင်းအောင် - မခင်ကျော်ကျော်ဇေ။

Diamond City

စိန်လက်ဝတ်ရတနာ ငှားရမ်းခြင်း

ဆိုင်အမှတ်(၇၀)၊ ဗဟိုရုံ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။
ဖုန်း-၇၀၄၈၈၈၊ ၇၂၇၂၃၂။

အလူမီနီယမ်ပိုက်တံချူနှင့်ဓားကောက်၊ Bleaching Earth များ အဝယ်တင်ဒါ

၁။**ဝယ်ယူမည့်ပစ္စည်းများ**- (က) ဆီသီးခိုင်ခူးရန် မလေးရှားနိုင်ငံလုပ် အလူမီနီယမ်ပိုက်တံချူနှင့် ဓားကောက်
(ခ) Bleaching Earth
၂။**တင်ဒါပိတ်ရက်** - ၉-၆-၂၀၀၄ရက်နေ့
၃။**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်) ၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၆၁၃၉၁၊ ၅၆၆၇၁၅၊ ၅၆၆၇၁၆။

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၊ အင်းစိန်မှ အဆင့်အတန်းမီ ဓာတ်ငွေ့ဂဟေဆက်နည်း၊ ဖြတ်နည်းနှင့် လျှပ်ပန်းဂဟေဆက်နည်း၊ အခြေခံသင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားပေးနေပြီ။

* သင်တန်းအမှတ်စဉ်(၉၅)
* ၇-၆-၂၀၀၄နေ့ စတင်ဖွင့်လှစ်မည်။
* ပတ်(စ်)ပို့ဓာတ်ပုံ သုံးပုံယူခဲ့ရမည်။
* ထိရောက်စွာ သင်ကြားနိုင်ရန် သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
* အမြန်ဆက်သွယ်ပါ။ **ဖုန်း-၆၄၀၂၇၂၊ ၆၄၀၀၀၇။**

NEUROGIN

FAME

အာရုံကြောအားဆေး

ဝင်းလုံ ရတနာရွှေဆိုင်

ကိုရိုးမင်း + ဓာန်းဆန်ဆန်မိုး 09-80-23279

"နိုင်ငံလီ" ဆိုင်သစ် ဖွင့်ပွဲ အစီအစဉ်

6-6-2004 မှ 8-6-2004 အထိ 30% Discount (Food Only)

– 8,000Ks,10,000Ks
– 5,000Ks
– 3,000Ks, 5,000Ks
– 3,000Ks

Ph : 703946 , 539566

အောင်သရဖူ GCE သင်တန်း

GCE, TOEFL, IELTS, English Grammar class

Commencing Date: June 2004

☎ 212357,252821

ဝန်ထမ်းအလိုရှိသည်

BRIGHTER

ENGLISH SPEAKING CLASS
Speaking. Reading. Translation. Gram:
For high school Level အထက်တန်းများအတွက်
For Language Learners ဘွဲ့ရများအတွက်အိမ်အရောက် သင်ကြားပေးသည်။
(ဆက်သွယ်ရန်အချိန် နံနက် ၈း၀၀မှ ၁၂း၀၀အထိ)
အမှတ်-၂၀၄၊ ၃၄လမ်း(အပေါ်)ကျောက်တံတားမြို့နယ်၊
ဖုန်း-၃၇၇၁၂၁၊ ၂၈၇၂၃၇။

တော်ဝင်

☎ 380183

အထူးရှုနှုန်း

အမှတ် 22 - 44 လမ်း မြေညီ 12 ½ x 40

YL ရိုးလုံးရွှေဆိုင်ကြီး (လက်လီလက်ကား)

၁၅ ပဲရည်၊ ၁၆ ပဲရည် အာမခံ

ဆိုင်(၁)-အမှတ် (S-7)
ဆိုင်(၂)-အမှတ် (F-1)

ရွှေ Foot Chain

Fantasy Home အထူးလျှော့ဈေးနှုန်း

* ခန်းဆီးပိတ်+ခန်းဆီးလိုင်း(ဝန်ဆောင်မှုမပါ)

၂၊ ၆က၊ နတ်မောက်လမ်း၊ တာမွေ(၅၄၉၃၁၇)

(9:30AM-5:00PM)Except Sunday

ဒေါသင်း၊ သမင်ဖြူ

ကုမ္ပဏီရုံးလိပ်စာပြောင်းရွှေ့ခြင်း

O.E.M. (M) Co., Ltd. သည် ယခင်အမှတ်-၂၁၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ယခုအမှတ်-၁၇၃/၁၇၅၊ ဗိုလ်မြတ်ထွန်းလမ်း၊ (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား) ဗိုလ်တထောင်မြို့နယ်သို့ ၁-၆-၂၀၀၄ရက်နေ့မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား အကြောင်းကြားပါသည်။

O.E.M. (M) Co., Ltd. မှ မိတ္တူကူးစက်များကို ဝယ်ယူသုံးစွဲကြသူများနှင့် စက်ပြုပြင်ရေးဝန်ဆောင်မှုလုပ်ငန်းကို အားပေးလျက်ရှိသော ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ မိတ္တူကူးစက် လုပ်ငန်းရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

O.E.M. (M) Co., Ltd.

အမှတ်-၁၇၃/၁၇၅၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 202343
e mail:oemmkkl@mptmail.net.mm

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ အိမ်အမှတ်-၁၀၁၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁အေ)၊ ၂၅ ၁/၃ ပုံ မြောက်ဘက်ခြမ်း၊ အိမ်မြေဥပစာ(၁၆ဒသမ၈ x ၄၀) အကျယ်နှင့်ပတ်သက်၍ မြေပုံမြေရာဇဝင် လျှောက်ထားကူးယူရန် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ကွက်သစ်၊ ဗညားဒလလမ်း၊ အမှတ်-၄၁၈နေ ဒေါ်စန်းမြင့်မေ [၁၂/ဗဟန(နိုင်)၀၀၈၀၃၈]အား ၂-၂-၂၀၀၃ရက်နေ့က စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၁၃၅၇/၂၀၀၃အရ ချုပ်ဆိုလွှဲအပ်ပေးခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့ ဤကြော်ငြာသည့်အချိန်မှစ၍ အပြီးအပိုင် ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးဝင်းကြည်(မှတ်ပုံတင်-အေအေ/၀၀၁၆၃၀)
အမှတ်-၃၉၉၊ တေဇလမ်းနှင့် ရွှေသွေးလမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

